ထန်းပင်စုကျေးရွာ

သရက်ချောင်းကျေးရွာအုပ်စု၊ ဝါးခယ်မမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာမှတ်တမ်း

(၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

သရက်ချောင်းကျေးရွာအုပ်စု၊ ထန်းပင်စုကျေးရွာ၊ ဝါးခယ်မမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက

ကူညီရေးဆွဲသည်။)

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီ	
၁။	**တည်နေရာနှင့်ပထဝီဝင်အနေအထား**	
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	
၄။	**စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**	
	(က)သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)စိုက်ပျိုးရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့်ဆက်သွယ်ရေး	
၆။	**ပညာရေး**	
၇။	**ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**	
၈။	**ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉။	**ကျား-မရေးရာဆိုင်ရာကိစ္စ**	
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၃)ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)	

စကားချီး

ယခုရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် မှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော သရက်ချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၊ ကျေးရွာရပ်မိ ရပ်ဖများ ၊ ကျေးရွာ ပြည်သူများနှင့် ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါ သည်။ ကျွန်ုပ်တို့ ထန်းပင်စုကျေးရွာ၏ ကျေးရွာပြည်သူများ ပါဝင်ကာ စီမံကိန်း ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးကူညီပေးခဲ့သည့် စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာရှိ ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊လူမှုရေး အတွက် အစီအစဉ် အစီအမံများ ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာပြည်သူ တစ်ရပ်လုံးပါဝင်၍ စနစ်တကျရွေးချယ်သည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်မှု အားနည်း ခဲ့ပါသည်။ ယခုအခါ ကျေးရွာ ပြည်သူလူထုများကိုယ်တိုင် တက်တက်ကြွကြွ စုပေါင်းအင်အားဖြင့် ပူးပေါင်းပါဝင်ကာ နည်းလမ်းစနစ်တကျအသုံးပြု၍ စဉ်းစားတွေးခေါ် တိုင်ပင်ဆွေးနွေး အဖြေရှာ ခြင်းများ ဆောင်ရွက်ခဲ့ကြရာတွင် နည်းပညာ၊ အစီအစဉ်ရေးဆွဲနည်းများကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်ခဲ့သည့် ကျေးရွာဒေသဆိုင်ရာ လူမှုစီးပွားဘဝဆိုင်ရာ အချက်အလက် များ၊ ကိန်းဂဏန်းများ၊ လူနေထိုင်မှု အကျင့်စရိုက်များစသည့် အသေးစိတ် စာရင်းများကိုပါ သိရှိ ဖော်ထုတ်နိုင်ခဲ့ပါသည်။ ကျေးရွာတွင်း အရေးကြီးလိုအပ်သည့် ကျေးလက်တည်ဆောက်ရေးလုပ်ငန်းများကို တစ်ဦး တစ်ယောက်၊ အစုအဖွဲ့တစ်ခု၏ဆုံးဖြတ်ခြင်းမျိုးမဟုတ်ပဲအများပြည်သူဆန္ဒဖြင့် ပွင့်လင်းမြင်သာ စွာစနစ်တကျ ရွေးချယ်ခဲ့သည့်အတွက် ကျေးရွာပြည်သူများ ပူးပေါင်း ပါဝင်တတ်သည့် အလေ့ အကျင့်ကောင်းများ၊ စွမ်းဆောင်ရည်မြင့်မားခြင်း၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်တတ် သည့် အလေ့အကျင့်များ၊ ဒီမိုကရေစီနည်းလမ်းကျကျ ပွင့်လင်းမြင်သာစွာဆောင်ရွက်တက်သည့် အလေ့အကျင့်ကောင်းများပါ ရရှိစေသည့်အတွက် လွန်စွာတန်ဖိုးကြီးမားပါသည်။ ထိုပြင် ထပ်မံ

လိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာဌာန ဆိုင်ရာများနှင့် ချိတ်ဆက် ဆောင်ရွက် လုပ်ကိုင်ရမည်ကိုလည်း ကောင်းစွာနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်သည် လက်ရှိကာလတွင် ရရှိ ခဲ့သည့် အချက်အလက်များကို စုစည်း၍ ကောက်ယူထားခြင်းဖြစ်သော်လည်း နောင်ကာလများ တွင် ရရှိမည့် ကိန်းဂဏန်း ၊ ဒေသဆိုင်ရာအချက်အလက်များကို ထပ်မံစုစည်းထည့်သွင်းပေးခြင်းဖြင့် ပိုမိုပြည့်စုံကောင်းမွန်လာမည်မှာ ဧကန်မလွဲပင်ဖြစ်ပါသည်။ လျာထားရွေးချယ်ခဲ့သည့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာမည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများနှင့် ရှေ့ဆက်၍ ဆောင်ရွက်ရမည့် ကျေးရွာဖွံ့ဖြိုးရေး ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာရေး ၊ နာရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပူးပေါင်း ပါဝင်မှုဖြင့် ဆောင်ရွက်သွားမည် ဆိုပါက မလွဲဧကန်တိုးတက်ပြောင်းလဲလာမည် ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးအစီအစဉ်အလိုက် လုပ်ငန်း များစုစည်းဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက်များ၊ ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ ကျေးရွာပြည်သူများအနေဖြင့် မျှော်လင့်ပါသည်။ နောက် နောင်များတွင်လည်း ထိုကဲ့သို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက် အခြေအနေများ ကို ဆန်းစစ်သုံးသပ်ရန် နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများလည်း ရရှိမည် ဖြစ်ပါကြောင်း ယုံကြည်မိပါသည်။

ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရပ်မိရပ်ဖ နှင့် ကျေးရွာပြည်သူများပူးပေါင်း ပါဝင် ရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်တွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်များ၊ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခြေ အနေများ၊ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၊ ကျေးရွာရှိလူမှုစီးပွားရေး အခြေအနေ စသည့် အသေးစိတ် အချက်အလက်များ စနစ်တကျထည့်သွင်းရေးဆွဲထားသဖြင့် ၄င်းပျောချောင်း ကျေးရွာအတွက် အကျိုးကျေးဇူးများစွာရရှိစေမည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာအုပ်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထန်းပင်စု

သရက်ချောင်းကျေးရွာအုပ်စု

ဝါးခယ်မမြို့နယ်

(၁) တည်နေရာနှင့်ပထဝီဝင်အနေအထား

ဝါးခယ်မမြို့သည် ဧရာဝတီတိုင်းဒေသကြီး ၊ မြောင်းမြခရိုင် အတွင်းတွင်တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် (၄၅၉.၅၂) ဧရိယာစတုရန်းမိုင် ကျယ်ဝန်းပြီး မြောင်းမြမြို့နယ် ၊ အိမ်မဲမြို့နယ်၊ ပန်းတနော်မြို့နယ် ၊ မအူပင်မြို့နယ် ၊ မော်လမြိုင်ကျွန်းမြို့နယ် ၊လပွတ္တာမြို့နယ်များနှင့် နယ်နိမိတ်ခြင်း ထိစပ်လျက်ရှိပါသည်။ဝါးခယ်မမြို့နယ်တွင် မြို့(၂)မြို့ရှိပြီး ဝါးခယ်မမြို့ပေါ်ရပ်ကွက် (၁၄) ရပ်ကွက် ၊ ကျုံမငေးမြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက် စုစုပေါင်း(၁၉)ရပ်ကွက်ရှိပါသည်။ ကျေးရွာအုပ်စု (၁၂၅) အုပ်စု ၊ ကျေးရွာပေါင်း(၅၈၀)ရွာ ရှိပါသည်။ မြေပြန့်ချိုင့်ဝှမ်း၊ မြေပြန့်လွင်ပြင်နှင့် မြစ်ချောင်းများရှိပြီး ကျန်မြို့နယ်များ၏ မြေပြန့်လွင်ပြင် မြစ်ချောင်းများနှင့်ဆက်စပ်လျက်ရှိပါသည်။

ထန်းပင်စုကျေးရွာသည် ဝါးခယ်မမြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိ၍ သရက်ချောင်းကျေးရွာ အုပ်စုတွင် ပါဝင်ပြီး ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ဝါးခယ်မမြို့ နှင့် (၁၀) မိုင်ခန့် ကွာဝေးပြီး ကုန်းလမ်း ၊ ရေလမ်းခရီး (၂)မျိုးလုံး ဖြင့် သွားလာပါသည်။ ပတ်ဝန်းကျင် ကျေးရွာအုပ်စုများမှာ (ကြာကွင်းကျွန်းကြား၊ စပ်ထုံး၊ စပါးရိ) အစရှိသည့် ကျေးရွာအုပ်စုများဖြစ်ပြီး မအူပင်မြို့နယ် နယ်နမိတ် အနီးတွင်တည်ရှိပါသည်။

(၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

ဝါးခယ်မမြို့နယ်သည် စိုစွတ်သောရာသီဥတုရှိပြီး မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၆ မိနစ်မှ ၁၆ဒီဂရီ ၅၀ မိနစ်ကြား၊အရှေ့လောင်ဂျီကျူ၉၅ဒီဂရီ၀၁မိနစ်မှ ၉၅ဒီဂရီ၃၀မိနစ်ကြားတွင် တည်ရှိပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇွန်လ၊ဇူလိုင်နှင့်ဩဂုတ်လ တို့ဖြစ်ပါသည်။

ဝါးခယ်မမြို့နယ်သည် မြစ်ချောင်းများ ပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသည့် မြစ်ချောင်းမှာ ပြန့်မလောမြစ် ဖြစ်ပါသည်။ မြစ်ချောင်းအများစုမှာ ရေချိုများဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေ စသည်ဖြင့် အသုံးပြုနိုင်ပြီး သဘော်၊ စက်လှေ များ လည်း သွားလာနိုင်သောမြစ်များဖြစ်ပါသည်။

ထန်းပင်စုကျေးရွာတွင် လယ်မြေ (၂၉၀) ဧက၊ ဥယျာဉ်ခြံမြေ(၁)ဧက၊ ဧကရှိပြီး စုစုပေါင်းမြေ (၂၉၁)ဧကရှိပါသည်။ကျေးရွာတွင် မိုးစပါး၊နွေစပါးကို အဓိက စိုက်ပျိုးကြပြီး၊ ရာသီအလိုက် ပဲ၊ ငရုတ်၊ စပါး၊နေကြာ စသည့်အခြားသီးနှံများကိုလည်းစိုက်ပျိုးကြပါသည်။ကျန်း မာရေးအတွက် အထောက်အကူ ဖြစ်စေသော ဆေးဘက်ဝင်အပင်များလည်း တွေ့ရှိရပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစိမ်ခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရသော အဖွဲ့အစည်းဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာရှိပြည်သူများစုစည်းအားဖြင့် ကျေးရွာတွင်းရှိဖွံ့ဖြိုးရေးလုပ်ငန်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ သာရေး / နာရေး ၊ ပညာရေး ၊ ဖွံ့ဖြိုးရေး ၊ မီးဘေး ၊ အမျိုးသမီးရေးရာနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပြီး အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုမှာအားကောင်းပါသည်။ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်ကာ အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပအစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ အလှူရှင်များနှင့်ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ထန်းပင်စုကျေးရွာတွင် လယ်မြေဧက ၂.၅ ဧက အောက် ပိုင်ဆိုင်သော ဆင်းရဲသားတောင်သူ(၃၀)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကအထိ ပိုင်ဆိုင်သော တောင်သူငယ် (၂၈)အိမ်ထောင်စု၊၅ဧကမှ၁၂.၅ဧကကြားပိုင်ဆိုင်သော တောင်သူ လတ်(၃၂) အိမ်ထောင်စု၊ ၁၂.၅ဧကထက် ပိုင်ဆိုင်သော တောင်သူကြီး (၁၀)အိမ်ထောင်စုရှိကြပြီး လယ်မြေ နှင့်

ဥယျာဉ်ခြံမြေကော ပိုင်ဆိုင်သော တောင်သူ လယ်သမား အိမ်ထောင်စု များသည် အများအားဖြင့် စပါးစိုက်ပျိုးထုတ်လုပ်ခြင်းကို အဓိကထား လုပ်ကိုင်ကြပြီး ပဲ၊ငရုတ်စပါး၊နေကြာ အစရှိသည့် အခြားသီးနှံများကိုရာသီပေါ်အဖြစ် စိုက်ပျိုးထုတ်လုပ်ကြပါသည်။ စိုက်ပျိုး ထုတ်လုပ်ခြင်းကို ဦးစားပေး ဆောင်ရွက်သော လယ်သမားများနှင့် လုပ်သားများ နေထိုင်ရာ ကျေးရွာတစ်ခု ဖြစ်ပါသည်။ထို့ကြောင့်ကျေးရွာ၏ ဆန်စပါးထုတ်လုပ်မှုနှင့်သက်ဆိုင်သော သဘာဝအရင်းအမြစ်များ ပေါများသည့် အလျောက် အကျိုးအမြတ်များ ပိုမို ဖြစ်ထွန်းရန်အတွက် အကျိုးအမြတ်ပိုမိုရရှိရေး ရာသီဥတု မရွေးစိုက်ပျိုးနိုင်သည့် အထွက်နှုန်း တိုးသော စပါးမျိုး ကောင်းမျိုးသန့်ရရှိရေး စျေးကွက်အတွင်း အဆင့်မှီ ရောင်းချနိုင်သည် အထိ တိုးတက်ထုတ်လုပ်နိုင်သည့် နည်းလမ်းများကို ရှာဖွေအားထုတ် ရမည်ဖြစ်ပါသည်။လယ်ယာ/ဥယျာဉ်ခြံ စိုက်ပျိုးရေးလုပ်ကိုင်သူများမှာ ကိုယ်ပိုင် စိုက်ပျိုးရေးသုံး ကိရိယာများအနေဖြင့် လက်တွန်းထွန်စက်၊ထွန်စက်၊ ခြွေလှေ့စက်၊ မြက်ရိတ်စက်၊ ရေစုပ်စက်များ ပိုင်ဆိုင်ကြပါသည်။

ထန်းပင်စုကျေးရွာသည် မြို့နယ်နှင့်အလှမ်းကွာဝေးသဖြင့် စိုက်ပျိုးထုတ်လုပ်ရေး အတွက် ဝန်ဆောင်မှုများ ရရှိရန် ခက်ခဲပြီး စိုက်ပျိုးရေး နည်းပညာ နှင့် ဝန်ဆောင်မှုများလွယ်ကူစွာ ရရှိနိုင်ပါက သီးနှံအထွက်နှုန်းမှာ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ထန်းပင်စုကျေးရွာတွင်နွားမွေးမြူထားသည့်အိမ်ထောင်စု(၂)အိမ်သာရှိပြီးနွားကောင် ရေ (၃) ကောင် မွေးမြူထားပါသည်။ အခြား တစ်ပိုင်တစ်နိုင် မွေးမြူရေး အဖြစ် ဝက်မွေးမြူသည့် အိမ်ထောင်စု(၂၃)အိမ်ရှိပြီးဝက်ကောင်ရေ(၄၀)ကောင်၊ကြက်မွေးမြူသည့် အိမ်ထောင်စု (၁၈)အိမ်ရှိပြီး ကြက်ကောင်ရေ (၂၁၈) ကောင်၊ မွေးမြူကြပါသည်။ ကျေးရွာ၌ ငါးမွေးမြူရေးလုပ်ငန်းနှင့် ငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု အနည်းငယ် ရှိပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများ အတွက် နည်းပညာနှင့်ရောဂါ ကာကွယ်ရေး၊ ကုသရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက် ပေးပါက စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ထန်းပင်စုကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားလုပ်ငန်း လုပ်ကိုင်သူများမှာ ဈေးဆိုင် ၊ ပန်ရံ၊ စက်ချုပ်၊ ဆိုင်ကယ် ကယ်ရီလိုက်ခြင်း ၊ အခြားကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပြီး ပြင်ပသို့သွားရောက်လုပ်ကိုင်သူများ လည်းရှိပါသည်။ ကျပန်းလုပ်သားများအနေဖြင့် အားလပ်သော အချိန်များတွင် ဝင်ငွေရ လုပ်ငန်း လုပ်ကိုင်နိုင်ရန် စိတ်အားထက်သန် နေကြပြီး နည်းပညာ နှင့် ငွေကြေအရင်းအနှီး လိုအပ်မှုများ ရှိနေပါသည်။လုပ်ငန်း နှင့် သင့်လျော်သော ထုတ်ချေးငွေရရှိပါက စက်လှေဝယ်ယူ၍ စပါးပို့လိုခြင်း၊ တစ်ပိုင်တစ်နိုင် မုန့်လုပ်ငန်းများ၊ ခေါင်းရွက် ဗျက်ထိုးလုပ်ကိုင်လိုခြင်း၊ အိမ်ဆိုင်ဖွင့်လိုခြင်းနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ (ဆံပင်ညှပ်၊ ဆိုင်ကယ်ပြင်) လုပ်ကိုင်လိုကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ငွေချေးရန် အရင်းအမြစ်များမှာ သမဝါယမဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်အခြားအဖွဲ့စည်းများပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင်သူများကိုသာထုတ်ချေးပြီး တစ်ဧကလျှင် (၁၅၀၀၀/-) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။အများဆုံး ထုတ်ချေးသည့် ဧကမှာ (၁၀) ဧက အတွက် အများဆုံး ကျပ်သိန်း (၁၅၀၀၀၀/-) သိန်းဖြစ်ပါသည်။ အတိုးနှုန်း မှာ (၀.၆၇) ကျပ် ဖြစ်ပြီး ထုတ်ချေးသည့် ကာလမှာ (၇) လသာ ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် တစ်ဧက ကုန်ကျစရိတ်မှာ (၂) သိန်းကျပ်ခန့် ကုန်ကျသော ကြောင့် သွင်းအားစုများနေပြီး ချေးငွေသည် လုပ်ငန်းလုပ်ကိုင်ရန် အပြည့်အဝ အထောက်အကူ မပြုနိုင်ပါ။

ထန်းပင်စုကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါ သည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် စပါးသီးနှံ(ကာတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးရေးတောင်သူများအတွက်လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့်ချိတ်ဆက်

လုပ်ဆောင်နေကြပါသည်။ ကျေးရွာသူ/ကျေးရွာသား များလိုအပ်သော ချေးငွေများထုတ်ချေးပေး နိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျော့ချပြီး ဒေသလိုအပ်ချက် နှင့်အညီ ပြောင်းလဲသင့်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ထန်းပင်စုကျေးရွာသည် ဝါးခယ်မမြို့ နှင့် (၁၀)မိုင်ခန့် ကွာဝေးပါသည်။ဝါးခယ်မမြို့သို့ ရေလမ်း/ကုန်းလမ်း ခရီးနှစ်မျိုးစလုံးဖြင့် သွားလာ နိုင်သော်လည်း အများသောအားဖြင့် ကုန်းလမ်း ခရီးကိုသာအဓိကအား ပြု၍ သွားလာကြပါသည်။ ရွာတွင်းလမ်းများမှာမြေသားလမ်းများဖြစ်ပြီးမိုး တွင်း ကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်ရေဝပ်ခြင်း၊ရွံ့ထခြင်းများ ဖြစ်ပေါ်လေ့ရှိပါ သည်။ပို့ဆောင်ဆက်သွယ်ရေးယာဉ်များအဖြစ် လှေ၊ စက်လှေ၊စက်ဘီး၊ မော်တော်ဆိုင်ကယ် ၊သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ တို့ကိုအသုံးပြုကြပါသည်။ ရွာတွင်းလမ်းအားမြေသားတိုးချဲ့ ပြုပြင်ခြင်း လုပ်ငန်းများကိုကျေးရွာမှကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ထားရှိ လျှက်ရှိ ပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ထန်းပင်စုကျေးရွာနေအိမ်ထောင်စုများမှာ ဆိုလာ၊ ဒီဇယ်အင်ဂျင်၊ ဖယောင်းတိုင်၊ ဘတ္ထရီ၊ မီးအသုံးပြုကြပါသည်။ ကိုယ်ပိုင်ဒီဇယ်အင်ဂျင်နှင့်အငှား မီးသုံးစွဲကြသော အိမ်ထောင်စု အချို့ရှိပြီး ကျေးရွာ နေပြည်သူအများစုမှာ မီးလင်းရေးအတွက် ဘတ္ထရီငှားရမ်းအသုံးပြုမှု၊ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်တို့ကို အသုံးပြုလျှက်ရှိပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ထန်းပင်စုကျေးရွာတွင် မုန်တိုင်းသတင်း၊ ငလျင်သတင်းနှင့် အခြား သာရေး၊ နာရေး သတင်းများရရှိရန် ရေဒီယိုအစီအစဉ်များ နားထောင်ခြင်း ၊ တီဗွီသတင်းစောင့်ကြည့်ခြင်း၊ စလောင်း ဖွင့်ကြည့်ခြင်း၊ ဖုန်းအင်တာနက်အွန်လိုင်းအသုံးပြုခြင်း စသည်တို့ဖြင့် သတင်းအဆက် အသွယ်နှင့်

နည်းပညာရရှိကြပါသည်။ ကျေးရွာ၌ ဖုန်းတာဝါတိုင် တပ်ဆင်ထားရှိမှု မရှိသေးသဖြင့် ဖုန်းအင်တာနက်လိုင်း အသုံးပြုရာတွင် အခက်အခဲရှိပါသည်။

(၆) ပညာရေး

ထန်းပင်စုကျေးရွာ၌ မူလတန်း ကျောင်းတည်ရှိပါသည်။ ကျောင်းမှာ အုတ်ညှပ် သွပ်မိုး အမျိုးအအစားဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျောင်းတွင် စာရေးခုံ ၊ စားပွဲ၊ ကုလားထိုင် ၊ ပရိဘောဂများ လုံလောက်မှုမရှိသောကြောင့် ကျောင်းသား /သူများ စာသင်ကြားရာ တွင် အခက်အခဲရှိပါသည်။ ကျောင်း၌ ဆရာ/ဆရာမ ကျား(၁)ဦး၊ မ(၅)ဦးနှင့် စုစုပေါင်း(၆)ဦး ရှိပါသည်။ ကျောင်းသား နှင့်ဆရာ/ ဆရာမအချိုးမှာ(၄၀:၁)အထက်ရှိသဖြင့် ဆရာ/ဆရာမ လုံလောက် မှုမရှိပါ။ ကျောင်းတွင် အာဟာရ တိုက်ကျွေးမှုအနေဖြင့် ရွာမှဖြစ်စေ ဆရာ/မများမှဖြစ်စေ အလှူရှင်ရှိပါကလည်း တိုက်ကျွေး ဖြစ်ပါသည်။

ထန်းပင်စုကျေးရွာတွင် မူလတန်းအဆင့်ကျောင်းနေသူ(၂၈)ဦး၊ အလယ်တန်းအဆင့် ကျောင်းနေသူ(၁၉)ဦး၊အထက်တန်းအဆင့်ကျောင်းနေသူ(၁၀)ဦး ၊ တက္ကသိုလ်/ကောလိပ်ကျောင်း နေသူ(၃)ဦးရှိပါသည်။ကျေးရွာလူဦးရေ စုစုပေါင်း(၃၃၃)ဦးရှိသည့်အနက် စာတတ်မြောက်မှုဦးရေ ရာခိုင်နှုန်းမှာ (၁၆%)ခန့် သာရှိပါသည်။

(၇) ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

သရက်ချောင်းကျေးရွာအုပ်စု၊ ထန်းပင်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း ရှိပါသည်။ ကျေးလက်ဆေးပေးခန်း၌ ကျန်းမာရေးမှူးနှင့် ဆေးဝါးပစ္စည်းများ မလုံလောက်သဖြင့် ကျန်းမာရေးအတွက် ဝါးခယ်မမြို့နယ်ဆေးရုံများသို့ သွားရောက်ကုသကြရပြီး အချိန်ကြန့်ကြာမှုရှိသည့် အတွက် အခက်အခဲရှိပါသည်။ ကာကွယ်ဆေးထိုးနှံမှုအနေဖြင့် ကျေးရွာတွင် ကျန်းမာရေး ဆေးပေးခန်း ရှိသောကြောင့်လိုအပ်သောကာကွယ်ဆေးများနှစ်စဉ်ထိုးနှံပေးပါသည်။ အာဟာရပညာပေးအစီအစဉ်များ နှင့်အာဟာရ တိုက်ကျွေးမှု အစီအစဉ်များကိုလည်းနှစ်စဉ်ဆောင်ရွက် ပေးလျက်ရှိပါသည်။ ကျေးရွာအတွင်း ဝမ်းပျက်ဝမ်းလျှောခြင်း၊ သွေးလွန် တုပ်ကွေး၊ ဖျားနာခြင်း၊ သွေးတိုး၊ ဆီးချို ၊ငှက်ဖျား

၊ အသည်းရောဂါ(ဘီ၊စီ)စသည့် ရောဂါများအနည်းငယ် ဖြစ်ပွားလေ့ ရှိပါသည်။ကျေးရွာအား ကျန်းမာရေး အသိပညာပေးခြင်းများ၊ တစ်ကိုယ်ရေကျန်းမာရေး ပညာပေး များ ဆောင်ရွက်ခြင်းဖြင့် ယခုထက်ပိုမို ကောင်းမွန်သော ကျန်းမာပျော်ရွှင်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

ကျေးရွာရှိ ရေသုံးစွဲမှုမှာ အိမ်ထောင်စုများ အနေဖြင့် မြစ်/ချောင်းရေကိုသာ အဓိက ထားအသုံးပြုကြပါသည်။အိမ်ထောင်စုအချို့မှာ အဝီစိတွင်းစက်တပ်/တုံကင်နှင့် ရေတွင်းတို့မှ ရယူ သုံးစွဲကြပြီး ရေအရည်အသွေးစမ်းသပ်စစ်ဆေးမှုမရှိသဖြင့် သန့်ရှင်း/လုံလောက်မှုမှာ အသင့်အတင့် သာရှိသဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ရပါသည်။ စိုက်ပျိုးရေအဖြစ် မြစ်/ချောင်းရေကို ရာသီမရွေး သုံးစွဲနိုင်ပါသည်။ငှက်ပျောချောင်း ကျေးရွာ၌ အမှိုက်သရိုက်များ လွန်စွာနည်းပါးခြင်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများမှာလည်း စည်းစနစ်ရှိစွာဖြင့် မွေးမြူကြသောကြောင့် သန့်ရှင်းသာယာသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာ တွင် အိမ်ထောင်စု ပေါင်း (၁၂၀) အိမ်ထောင်စုရှိပြီး ရေလောင်း/ ယင်လုံအိမ်သာ ကိုအများဆုံး အသုံးပြုကြသော်လည်း အိမ်သာမရှိသောအိမ်ထောင်စုများမရှိပါ။ သန့်ရှင်းသော ရေလောင်း/ ယင်လုံအိမ်သာ သုံးစွဲမှု အသိပညာလိုအပ်ပါသည်။

(၈) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ထန်းပင်စုကျေးရွာရှိ သဘာဝဘေးအန္တရာယ်အနေဖြင့်မိုးဦးကာလတွင် မုန်တိုင်း ကျရောက်ခြင်း ရေကြီးရေလျှံခြင်းအနည်းငယ် ဖြစ်ပေါ်တတ်ပြီးငလျင်လှုပ်ခြင်းလည်း ရံဖန်ရံခါ ဖြစ်ပေါ်တတ်ပါသည်။ တီဗီ၊ ရေဒီယို၊ ဖုန်းအစရှိသည်တို့မှလည်း သဘာဝဘေးအန္တရာယ် သတင်း အချက်အလက်များရရှိပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်များပြုလုပ် ထားရှိပါသည်။

(စ) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ဦးပိတ္တုပ်ကျေးရွာတွင် လူဦးရေ(၃၃၃) ဦးရှိသည့် အနက် အမျိုးသားဦးရေ (၁၄၅)ဦး နှင့် အမျိုးသမီးဦးရေ(၁၈၈)ဦး ဖြစ်ပါသည်။ ကျား၊မလူဦးရေရာခိုင်နှုန်းမှာ ကျား(၄၃%)၊ မ(၅၇%) ကျေးရွာတွင်ကျားမလူဦးရေ မျှတလျှက်ရှိပါသည်။

လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် လုပ်ခလစာအနေဖြင့် နေ့စားအမျိုးသားတစ်ဦးလျှင် (၆၀၀၀)နှုန်းရရှိပြီး၊ နေ့စားအမျိုးသမီးတစ်ဦးလျှင်(၄၀၀၀)နှုန်းခန့် ရရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမားနှင့်ပန်းရံ နေ့စားအမျိုးသား/သမီးလျှင်တစ်ဦးလျှင် (၅၀၀၀-၄၀၀၀)နှုန်းခန့် ရရှိကြပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့အစည်းများရှိသော်လည်း ရပ်ရေးရွာရေး ကိစ္စများတွင်ပါဝင်ဆောင်ရွက်မှုအားနည်းနေပါသည်။

ကျေးရွာဦးစားပေးစီမံချက်များ

ဝါးခယ်မမြို့နယ်

ထန်းပင်စုခ်ကျေးရွာ

စဉ်	ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အမည်	ရမှတ်	ဦးစားပေးအဆင့်
၁	ကျေးရွာတွင်း ချောင်းကူးတံတားတည်ဆောက်ခြင်း	၁၀၀	၁
၂	ကွန်ကရစ်လမ်းရရှိရေးစီမံချက်	၈၈	၂
၃	အားကစားကွင်းဆောက်လုပ်ခြင်းစီမံချက်	၇၂	၃
၄	ကျေးလက်ဆေးပေးခန်းထပ်မံတိုးချဲ့ခြင်းစီမံချက်	၆၃	၄
၅	စက်ရေတွင်းတူးဖော်ခြင်းစီမံချက်	၅၈	၅

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစု ပေါင်း**
၁နှစ်အောက်	နို့စို့အရွယ်	၁၂	၁၇	၂၉
၁နှစ်မှ၄နှစ်	၅နှစ်အောက်ကလေးငယ်	၃၄	၄၃	၇၇
၅နှစ်မှ၉နှစ်	မူလတန်းကျောင်းသားအရွယ်	၂၈	၃၂	၆၀
၁၀နှစ်မှ၁၄နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၉	၂၂	၄၁
၁၅နှစ်မှ၆၄နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၀	၆၁	၁၀၁
၆၅နှစ်နှင့်အထက်	သက်ကြီးရွယ်ကြီး	၁၂	၁၃	၂၅
စုစုပေါင်း		**၁၄၅**	**၁၈၈**	**၃၃၃**
စုစုပေါင်းအိမ်ထောင်စု-				

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

လေ့လာတွေ့ရှိချက်။ ။ ထန်းပင်စုကျေးရွာတွင် အိမ်ခြေပေါင်း (၁၀၂) ၊ လူဦးရေမှာ(၃၃၃) ဦး ရှိပြီး ကျား(၁၄၅)ဦး ၊ မ(၁၈၈)ဦး ဖြစ်ပါသည်။ ကျေးရွာတွင်ဝင်ငွေရရှိမှုကို ဆန်းစစ်ရာတွင်အလုပ်မလုပ်နိုင်သောဦးရေမှာစုစုပေါင်း၏(၃၀.၃၆%) ဖြစ်ပြီး၊အလုပ်လုပ်နိုင်သောဦးရေ မှာစုစုပေါင်း၏(၆၉.၆၄%) ရှိသဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုရှိပြီး ကျေးရွာ၏ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	**လုပ်ငန်းများ**	**အဓိကအလုပ်အကိုင်**		**အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ**	**ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး**
		အိမ်ထောင်	**မိသားစုဝင်**		

		စု	လုပ်အား	လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွားလုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင်လုပ်ငန်း	၁၀၀	၂၄၀	၁၃၅	မြင့်☐လတ်■နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐လတ်■နိမ့်☐

၁

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂	**တိရစ္ဆာန်မွေးမြူရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၄၃	၁၀၆	-	မြင့်☐လတ်☐နိမ့်■
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၃	**ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုဇွန်စသောရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင်လုပ်ငန်း			-	မြင့်☐လတ်☐နိမ့်■
	အလုပ်သမား/ဝန်ထမ်း			-	မြင့်☐လတ်☐နိမ့်■
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐

စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၇	**လျှပ်စစ်၊ဓာတ်ငွေ့နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၈	**ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း**				
			ကိုယ်ပိုင်လုပ်ငန်း	၁၀	မြင့်☐လတ်☐နိမ့်■
	အလုပ်သမား/ဝန်ထမ်း			-	မြင့်☐လတ်☐နိမ့်☐

စ	လုပ်ငန်းများ	အဓိကအလုပ်အကိုင်	အဓိကဝင်ငွေရ	ရပ်တည်နိုင်မှု

၌		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	(မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
၉	**ယာဉ်၊စက်ကိရိယာနှင့်တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၃	၃	-	မြင့်☐လတ်☐နိမ့်■
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ(ဆံပြင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)**				
	ကိုယ်ပိုင်လုပ်ငန်း	၅	၅	-	မြင့်☐လတ်☐နိမ့်■
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၁၂	**ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၅၀	-	-	မြင့်■လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း			-	မြင့်☐လတ်☐နိမ့်■
၁၄	**ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့်ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)**				
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၁၅	**အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				

	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၆	**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၁၉	**လူမှုရေးလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၂၀	**အိမ်များတွင် အဋ္ဌားလိုက်လုပ်သူများနှင့်အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	
	အလုပ်သမား/ကျပန်း/ ရာသီအလိုက်အလုပ်သမား	–	–	–	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

လေ့လာတွေ့ရှိချက်။ ။ ထန်းပင်စုကျေးရွာတွင်အလယ်အလတ်အဆင့် အိမ်ထောင်စုအများဆုံးရှိပြီးအဆင်းရဲဆုံးအိမ်ထောင်စုမှာ(၂၈%)ခန့်ရှိကြောင်းတွေ့ရှိရပါသည်။လယ်လုပ်ငန်းနှင့် ပြင်ပလုပ်ငန်းများ၊ငါးဖမ်းခြင်းလုပ်ငန်း၊လက်သမား/ပန်းရံလုပ်ငန်း တို့မှ ဝင်ငွေရရှိမှုဖြင့် ရပ်တည် နေထိုင်ကြပြီး၊အိမ်ထောင်စုအများစု၏ နေအိမ်များမှာ ပျဉ်ထောင် ၊ သွပ်မိုးအိမ်များ၊ တိုက်ခံအိမ်များ၊ခန/ဝါးအိမ်များဖြင့် တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊ မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊ မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး(ကျပ်)		အနည်းဆုံး(ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာလုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၅၀၀
၂	တိရိစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း-ရေချို / ရေငန် ငါးဖမ်းခြင်း ၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္ထု တူးဖော်ရေး ၊ ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	-	၅၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	နေ့စား	၅၀၀၀	-	၄၀၀၀	-

၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	ပုတ်ပြတ်	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ= (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ= (တစ်နာရီဝင်ငွေ ×၈)

လေ့လာတွေ့ရှိချက်။ ။ ထန်းပင်စုကျေးရွာတွင် ကျား/မအလုပ်သမားများသည် လယ်ယာလုပ်ငန်း၊ လက်သမား ၊ ပန်းရံလုပ်ငန်း နှင့် စက်ပစ္စည်းများယာဉ်များ ပြုပြင်ခြင်းလုပ်ငန်းများ၌ လုပ်ကိုင်ကြကြောင်းတွေ့ရှိရပါသည်။လယ်ယာလုပ်ငန်းတွင်နေ့စားအမျိုးသား(၁)ဦး၏လုပ်အားခနှုန်းထားမှာ(၅၀၀၀)ကျပ်၊နေ့စားအမျိုးသမီး(၁)ဦး၏လုပ်ခနှုန်းထားမှာ (၄၀၀၀)ကျပ်ဖြစ်ပါသည်။ လက်သမား၊ပန်းရံလုပ်ငန်းတွင်နေ့စားအမျိုးသားတစ်ဦး၏လုပ်အားခမှာအများဆုံးမှာ (၁၀၀၀၀)ကျပ်ဖြစ်ပြီးအနည်းဆုံးလုပ်ခမှာ(၃၅၀၀)ကျပ်ဖြစ်ပါသည်။ ယာဉ်နှင့်စက်ပစ္စည်းများပြုပြင်ခြင်းလုပ်ငန်းတွင်ပုတ်ပြတ်(နေ့စားလုပ်ခ)နှုန်းထားဖြင့်လုပ်ကိုင်ကြကြောင်းတွေ့ရှိရပါသည်။

(ဂ) သဘာဝအရင်းအမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ(ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုသာရွေးရန်)
လယ်မြေ	၂၉၀	ကောင်း ☐ သင့် ■ ညံ့ ☐

ယာမြေ/တောင်ယာ		ကောင်း ☐ သင့် ■ ညံ့ ☐
ဥယျာဉ်ခြံမြေ	၁	ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐ သင့် ☐ ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ်မြေလတ်	-	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	**၂၉၁**	-

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

လေ့လာတွေ့ရှိချက်။ ။ထန်းပင်စုကျေးရွာတွင်တွေ့ရှိချက် အရမြစ်ဝကျွန်းပေါ်ဒေသဖြစ်သဖြင့် တောင်ယာဥ_ယျာဉ်ခြံမရှိပါ၊ လယ်မြေများသာရှိပါသည်။ ဒီရေရောက်သောဒေသမဟုတ်သဖြင့်ဓနိတောလည်းမရှိပါ၊ တစ်ရွာလုံးနွားကောင်ရေ(၃) ကောင်သာရှိသဖြင့် စားကျက်မြေလည်းမရှိပါ၊ မြေလွတ်မြေလပ်များ မရှိ ကြောင်းလေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္ထုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္ထုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်)	များ☐ သင့် ☐ နည်း ☐မရှိ ■	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ■
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ☐ သင့် ☐ နည်း ☐မရှိ ■	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ■

သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့် ☐ နည်း ■မရှိ ☐	လွယ် ☐ ခက် ■အသုံးမပြုနိုင်ပါ ☐
သဘာဝတိရိစ္ဆာန်မျိုးစိတ်များ	များ☐ သင့် ☐ နည်း ☐မရှိ ■	

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဦးပိတ္တုပ်ကျေးရွာတွင် လယ်မြေများ ကန်သင်းများမှ ပေါက်ရောက်သော မြက်များမှာ နွားစာအတွက်အသုံးပြုနိုင်ပြီး ဆေးဖက်ဝင်သော အပင်များကိုလည်း အနည်းငယ်တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ် ရှိသောအိမ်ထောင်စု**	**ဆင်းရဲသော အိမ်ထောင်စု**	**အလွန်ဆင်းရဲသော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	၁၀ ကေအထက်	၅ကေအထက်	၂ကေအထက်	၁ကေအောက်
အိမ်အခြေအနေ	တိုက်/သစ်အိမ်	သစ်အိမ်	သစ်/ဝါးအိမ်	ဝါးအိမ်
အကြောင်းအရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ် ရှိသောအိမ်ထောင်စု**	**ဆင်းရဲသော အိမ်ထောင်စု**	**အလွန်ဆင်းရဲသော အိမ်ထောင်စု**
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု	ဆန်စက်/ရိတ်သိမ်းချေလှေ့			

အဓိကစီးပွားရေးလုပ်ငန်း	လယ်	လယ်	လယ်/ကျပန်း	ကျပန်း
အိမ်ထောင်စု	၁၀	၃၇	၅၀	၂၃

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

လေ့လာတွေ့ရှိချက်။ ။ထန်းပင်စုကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု(၃၃)စု အလယ်အလတ်ရှိိသောအိမ်ထောင်စု(၃၇)စု၊မပြည့်လည်သော အိမ်ထောင်စု(၅၀)စုအလွန်မပြေလည်သောအိမ်ထောင်စု (၂၃)စုတွေ့ရှိရသည်။ အချို့အဆင်မပြေသောအိမ်စုတွင် လယ်ယာမဲ့ဖြစ်ပြီး အိမ်ဆိုင်ဖွင့်၍ ပြေလည်သူများအချို့လည်းတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန ‘၃’ နှင့် ‘၄’ အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	**အိမ်ထောင်စုအရေအတွက်**	**ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)**
၃လအောက် ဝမ်းစာဖူလုံမှု	၅	အခြားအစာပြောင်းလဲစား = မရှိပါ။ အစာလျှော့စား = မရှိပါ။ အထောက်အပံ့ယူ = ၂ ချေးယူ = ၅

		လုပ်အားခကြိုယူ = ၂
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၈	အခြားအစာပြောင်းလဲစား = မရှိပါ။ အစာလျှော့စား = မရှိပါ။ အထောက်အပံ့ယူ = ၁ ချေးယူ = ၆ လုပ်အားခကြိုယူ = ၂
၆လနှင့်၁၂လအထိ ဝမ်းစာဖူလုံမှု	၉	အခြားအစာပြောင်းလဲစား = မရှိပါ။ အစာလျှော့စား = မရှိပါ။ အထောက်အပံ့ယူ = မရှိပါ။ ချေးယူ = ၇ လုပ်အားခကြိုယူ = ၂

လေ့လာတွေ့ရှိချက်။ ။ထန်းပင်စုကျေးရွာ၏ဥစ္စာဓနအဆင့်အခြေအနေမှာအဆင်ပြေသော အိမ်ထောင်စု ၁၈၀၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၃၇၊ ဆင်းရဲသော အိမ်ထောင်စု ၅၀ ၊ အလွန်ဆင်းရဲသောအိမ်ထောင်စု ၂၃ ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။ လေ့လာတွေ့ရှိချက်အရ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ အများဆုံး ရှိကြောင်း တွေ့ရှိရပါသည်။ အဆင်ပြေသောအိမ်ထောင်စုမှာ ၁၀ တွေ့ရှိရသဖြင့် ကျေးရွာ၌ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးကြောင်းတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၆၄)နှစ်နှင့် အထက်	-	-	-

မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
			အိမ်ထောင်စုအရေအတွက်
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုး သမီးဦးဆောင်အိမ်ထောင်စု			၁၂
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု			၁၀
အခြားဒေသသို့ ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			-

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၃/၁၄ရက်၊ ဧန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။ လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည်၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ၁၂ စုရှိပါသည်။ ထိုနည်းတူဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု ၁၀စုရှိသဖြင့် ၎င်းနှစ်မျိုးပေါင်းအိမ်ထောင်စုမှာ၅၀ စုရှိပါသည်။ထိုမိသားစုများသည် နေ့စား၊ကျပန်းနှင့် အခြားဒေသသို့ သွားရောက်၍ မိသားစုများ၏ အခက်အခဲများ ဖြေရှင်းရန်အတွက် အလုပ်လုပ်ကိုင်၍ဝင်ငွေရှာဖွေရပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ်☐ နိမ့် ■ မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	မြင့် ☐ လတ် ■ နိမ့် ☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ်☐ နိမ့် ■ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ■
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ်☐ နိမ့် ■ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ်☐ နိမ့် ■ မရှိ ☐

၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■
၁၂	၄က်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■
၁၆	တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ■ နိမ့် ☐ မရှိ ☐

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

လေ့လာတွေ့ရှိချက်။ ။ ထန်းပင်စုကျေးရွာရှိ လယ်စိုက်ဧက မိုးစပါး ၇၀၀ကျော် နွေစပါးဧက၅၀၀ကျော် စိုက်ပျိုးသဖြင့် အဓိကစားနပ်ရိက္ခာဖြစ်သောဆန်စပါးမှာ ကျေးရွာအတွက်ထိခိုက်မှုမရှိပါ။ကျေးရွာမြေပြိုမှုမှာ ဧရာဝတီမြစ်ဘေးတွင်တည်ရှိသဖြင့် မိုးတွင်းကာလ ရေစီးဆင်း၍ တိုက်စားမှုအနည်းငယ်ရှိသဖြင့် ကမ်းပြိုမှုလည်းအနည်ငယ်ရှိပါသည်။လယ်ယာမြေတွင်လည်းတစ်နှစ်ပါတ်လုံး မိုးစပါး နွေစပါး ဆုံလည်စိုက်ပျိုးပါသည်။ ၄က်ဖျားရောဂါအန္တရာယ်ကျရောက်မှုနည်းပြီး စပါးမှထွက်ရှိသောဖုန်မှုန့်တို့ကြောင့်လည်းတီဘီရောဂါဖြစ်မှု အနည်းငယ်ရှိပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုသာရွေးရန်)
၁	လူငယ်	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ■
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☐ လတ်☐ နိမ့် ■ မရှိ ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☐ လတ်☐ နိမ့် ■ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးဝါးစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ■
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ■ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ(Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ■ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ■
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ■
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ■
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☐ လတ်■ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ■
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ■
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ■
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ■

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုသာရွေးရန်)
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ■
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ■
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ■
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ■
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ■
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ■

ရည်ညွှန်း။ ။ ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

လေ့လာတွေ့ရှိချက်။ ။ ထန်းပင်စုကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အိမ်ထောင်စု (၈) စု ရှိပြီး ၎င်းတို့သည် ကျပန်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြု ကြပါသည်။သို့သော် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း မရှိသော်လည်း ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ နည်းပါးသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း ဖြစ်ပေါ်ခဲ့ပါက ပြန်လည် ထူထောင်ရန်ခက်ခဲလှပါသည်။ အိမ်ထောင်စုတစ်စုတွင် အိမ်ထောင်စုဝင်(၂) ဦးသာ ရှိပြီး တခါတရံ ကျန်းမာရေးမကောင်းမွန်သဖြင့် အလုပ်အကိုင်မဆောင်ရွက်နိုင်သဖြင့် ထိခိုက်လွယ်မှု ဖြစ်ပေါ်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါ သည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(၂.၁.၁)ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖအဖွဲ့	၁ ☐ ၂ ■ ၃ ☐	၈	၂	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ■ စိုက်ပျိုးရေးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■ လုံခြုံရေးနှင့်ကာကွယ်ရေး ■	ကောင်း ☐ သင့် ■ ညံ့ ☐
၂	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	၁ ☐ ၂ ☐ ၃ ■	၆	၃	၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ■ သင့် ☐ ညံ့ ☐

						စိုက်ပျိုးရေးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	
၃	သမကော်မတီ	၁ ☐ ၂ ☐ ၃ ■	၉	-	၉	ပညာရေး ☐ ငွေကြေး ■ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးရေးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ☐ သင့် ■ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၄	မီးသတ်	၁ ☐ ၂ ☐ ၃ ■	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးရေးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ■	ကောင်း ☐ သင့် ■ ညံ့ ☐
၅	အမျိုးသမီးရေးရာ	၁ ☐ ၂ ☐	၁၀	-	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐	ကောင်း ☐ သင့် ■

		၃ ■				ဘာသာရေး ☐ စိုက်ပျိုးရေးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ညံ ☐
၆		၁ ☐ ၂ ☐ ၃ ☐				ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးရေးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ ☐
၇		၁ ☐ ၂ ☐ ၃ ☐				ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးရေးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ ☐

ရည်ညွှန်း...ကျေးရွာအခြေအနေကိုကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဆန်းစစ် အကဲဖြတ်ခြင်းမှရ ရှိသောသတင်းအချက်အလက်များ(၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

၁၄

မှတ်ချက်။ အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့- ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေမှာအသင့်အတင့်ရှိပါသည်။

ရပ်မိရပ်ဖအဖွဲ့အစည်းများနှင့်ပူပေါင်း၍၊မီးသတ်အဖွဲ့များ၊သမကော်မတီ၊အမျိုးသမီးရေးရာအဖွဲ့အစည်းများဖွဲ့စည်းထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်မှု အားကောင်းကြောင်း လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ အင်ဂြေကြေး ☐ ကျန်းမာရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ဘာသာရေး ☐ စိုက်ပျိုးရေးမွေးမြူရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ☐	သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐

ရည်ညွှန်း...ကျေးရွာအခြေအနေကိုကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဆန်းစစ် အကဲဖြတ်ခြင်းမှရ ရှိသောသတင်းအချက်အလက်များ(၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ) (ဥပမာ - ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ) (ဥပမာ - Care International , Save the Children , Gret,Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ - ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ - GIZ , UK Aid , USAid စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ သရက်ချောင်းကျေးရွာအုပ်စု၊ ထန်းပင်စုကျေးရွာတွင် အစိုးရ မဟုတ်သောပြည်ပအဖွဲ့အစည်း မှ ကလေးများ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရန်အတွက် ကျောက်ရေစည်တစ်ခုနှင့် အိမ်တိုင်းနီးပါးတွင် လက်နှိပ်တုံကင်များ တပ်ဆင် ပေးထားပြီး ရေသုံးစွဲမှုလုံလောက်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၀	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၃၀	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကအထိ	၂၈	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၃၂	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက်	၁၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၂၀**	

ရည်ညွှန်း...ကျေးရွာအခြေအနေကိုကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဆန်းစစ် အကဲဖြတ်ခြင်းမှရ ရှိသောသတင်းအချက်အလက်များ(၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

လေ့လာတွေ့ရှိချက်။ ။ ထန်းပင်စုကျေးရွာရှိ စုစုပေါင်း အိမ်ထောင်စုမှာ (၁၂၀)အိမ်ရှိပြီး မြေယာမဲ့သော အိမ်ထောင်စုမှာ ၂၂၀ အိမ်နှင့် ဆင်းရဲသောတောင်သူအိမ်ထောင်စုမှာ ၃၀စုရှိပြီး စုစုပေါင်း ၅၀ အိမ်ထောင်ရှိသဖြင့်ကျေးရွာ၏ အိမ်ထောင်စုတစ်ဝက်ကျော်သဖြင့် ကျေးရွာဖွံ့ဖြိုးမှု အားနည်းသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	ရေသောက် (ဧက)	ရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်■ မဖြေဆိုပါ☐	ရှိ■ မရှိ☐ မဖြေဆိုပါ☐
၅	အဝီစိတွင်း (တုံကင်)	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၈	မြစ်/ချောင်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်■ မဖြေဆိုပါ☐	ရှိ■ မရှိ☐ မဖြေဆိုပါ☐

ရည်ညွှန်း...ကျေးရွာအခြေအနေကိုကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဆန်းစစ် အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ(၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

လေ့လာတွေ့ရှိချက်။ ။ထန်းပင်စုကျေးရွာတွင် မိုးစပါးစိုက်ပျိုးဧကအတွက် သဘာဝရေဖြင့် လုံလောက်မှုရှိသဖြင့်ရေသွင်းရန်မလိုပါ။ နွေစပါးဧက၅၀ကျော်အတွက်သာ စိုက်ပျိုးရာသီဖြစ်သော ဒီဇင်ဘာမှဧပြီလအထိသာ ရေသွင်းမြောင်းမှ ရာသီအလိုက်ရေသွင်း စိုက်ပျိုးရကြောင်းလေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) **အဓိကသီးနှံများနှင့်အထွက်နှုန်း**

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
မိုးစပါး	၄၅၀	တင်း	မိုး၅၀	မိုး၆၅	၉၀	မေ	နိုဝင်ဘာ	မြင့် ☐ လတ် ■ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ■
နွေစပါး	၃၅၀	တင်း	မိုး၉၅	မိုး၁၂၀	၅၀	ဒီဇင်ဘာ	ဧပြီ	မြင့် ■ လတ် ☐ နိမ့် ☐	မြင့် ☐ လတ် ■ နိမ့် ☐
ပဲတီစိမ်း		တင်း				နိုဝင်ဘာ	မတ်	မြင့် ☐ လတ် ■ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ■
မတ်ပဲ		တင်း				နိုဝင်ဘာ	မတ်	မြင့် ☐ လတ် ■ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ■

ရည်ညွှန်း...ကျေးရွာအခြေအနေကိုကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဆန်းစစ် အကဲဖြတ်ခြင်းမှရ ရှိသောသတင်းအချက်အလက်များ(၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

လေ့လာတွေ့ရှိချက်။ ။ထန်းပင်စုကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး နွေရာသီတွင် စပါးအထွက်နှုန်းများပြီး၊ပဲတီစိမ်း/မတ်ပဲများလည်းစိုက်ပျိုးပြီးပါသည်။ မိုးရာသီတွင် မိုးများသောကြောင့် စပါးအထွက်နှုန်း နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) **ကျေးရွာ၏စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်

ထွန်စက်	-	-	-	
လက်တွန်းထွန်စက်	၂၀	-	-	
အစေ့ချကိရိယာ	-	-	-	
ရိတ်သိမ်းစက်	၂	-	-	
ခြွေလှေ့စက်	၁	-	-	
ရေစုပ်စက်	၅၀	-	-	
ခြေနင်းရေတင်စက်	-	-	-	
မြက်ရိတ်စက်	-	-	-	

ရည်ညွှန်း...ကျေးရွာအခြေအနေကိုကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဆန်းစစ် အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ(၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

လေ့လာတွေ့ရှိချက်။ ။ထန်းပင်စုကျေးရွာသည် လယ်ယာစိုက်ပျိုးမြေမှာ ၂၉၀ခန့်ရှိပြီး လက်တွန်းထွန်စက်မှာ ၅၂လုံးရှိပါသည်။ ထွန်ယက်မှုမှာလည်းအသင့်အတင့်ရှိပါသည်။ ရိတ်သိမ်းခြွေလှေ့စက်မှာ ၁ လုံးသာရှိသဖြင့် ရိတ်သိမ်းခြွေလှေ့မှုအတွက် အခက်အခဲရှိပါသည်။ မိုးစပါးမှာမူ သဘာဝရေဖြင့် အဆင်ပြေသော်လည်း နွေစပါးအတွက် ဇက ၅၀၀ခန့်သာ စိုက်ပျိုးသဖြင့်စိုက်ကေနှင့် ရေစုတ်စက်အချိုးမှာအဆင်ပြေမှုမှာ အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။ကျွဲ၊နွားများနှင့်လယ်ယာသုံးစက်ပစ္စည်းအချို့ကိုအသုံးပြုကြပါသည်။ လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသော်လည်း ကျေးရွာပိုင် လယ်ယာသုံး စက်ပစ္စည်းများမရှိသောကြောင့် အခြားမှ ငှာရမ်းလုပ်ကိုင်သူ(၇၀)ကျော်ခန့် ရှိကြောင်းလေ့လာ တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** **(မှန်ရာတစ်ခုကိုသာ ရွေးရန်။ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို**

	ရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ■ ဖြေဆိုပါ ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ■ ဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ■ အသင့်အတင့် ☐ မဖြေဆိုပါ ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ■ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် ■ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ■ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ■ မဖြေဆိုပါ ☐
လုပ်သားရနိုင်မှု	အလွယ်တကူရနိုင်သည် ☐ ရနိုင်သည် ■ မဖြေဆိုပါ ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည် ☐ ရနိုင်သည် ■ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ သီးနှံများကိုရောင်းချနိုင်သည် ■ မဖြေဆိုပါ ☐

ရည်ညွှန်း...ကျေးရွာအခြေအနေကိုကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဆန်းစစ် အကဲဖြတ်ခြင်းမှရ ရှိသောသတင်းအချက်အလက်များ(၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

လေ့လာတွေ့ရှိချက်။ ။ထန်းပင်စုကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သောကျေးရွာဖြစ်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် နည်းပညာများ၊ အသိပညာပေးဆွေးနွေးပွဲများနှင့် ဓါတ်မြေဩဇာအသုံးပြုပုံနည်းစနစ်များကို ပို့ချဆောင်ရွက်ပေးသင့်ပါသည်။ လယ်ယာသုံးစက်ပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးသောကုမ္ပဏီများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်လျှင်လယ်ယာလုပ်ငန်းများပိုမိုတိုးမြှင့်လုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။သို့မှသာ ကျေးရွာပြည်သူများ လယ်ယာလုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့ပြီး၊သီးနှံအထွက်နှုန်းများတိုးပွားလာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့် ၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန် ☒ မဖြေဆိုပါ ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ။ ☒ လယ်ယာမြေဆုံးရှုံးမှုများသည်။ ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်။ ☐ ပလပ်မြေများရှိသည်။ ☐ ပလပ်မြေအသင့်အတင့်ရှိသည်။ ☐ မဖြေဆိုပါ။ ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒
သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာ နှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့် ၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန်

	မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကိုရွေးရန်။)
လုပ်သားရနိုင်မှု	အလွယ်တကူမရနိုင် ■ လုံးဝမရ □ မဖြေဆိုပါ □
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ■ လုံးဝမရ □ မဖြေဆိုပါ □
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ။ □ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ။ □ မဖြေဆိုပါ ■
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ □ အသင့်အတင့်ကျ ■ အနည်းငယ် □ မဖြေဆိုပါ □

ရည်ညွှန်း...ကျေးရွာအခြေအနေကိုကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဆန်းစစ် အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ(၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

လေ့လာတွေ့ရှိချက်။ ။ဦးပိတ္တုပ်ကျေးရွာတွင် စိုက်ပျိုးထုတ်လုပ်မှုအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် ကျပ်တစ်သိန်းငါးသောင်းရရှိသော်လည်း စိုက်ပျိုးထုတ်လုပ်ရာတွင် လုံလောက်စွာမသုံးစွဲနိုင်ကြောင်းတွေ့ရှိရပါသည်။ ဓါတ်မြေဩဇာများ အသုံးပြုရာတွင်လည်း ကုမ္ပဏီများမှ ဖြန့်ဖြူးသောဆေးများမှာ သီးနှံအထွက်နှုန်းအာနည်းမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	**မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု**	**ကောင်ရေ**
မွေးမြူရေး		
နွား	၂	၃
နို့စားနွား		
ကျွဲ		

မြင်း		
မွေးမြူရေးနှင့်ငါးလုပ်ငန်း	**မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု**	**ကောင်ရေ**
လား		
ဆိတ်		
သိုး		
ဝက်	၂၃	၄၀
ကြက်	၁၈	၂၁၈
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		-
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရည်ညွှန်း...ကျေးရွာအခြေအနေကိုကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဆန်းစစ် အကဲဖြတ်ခြင်းမှရ ရှိသောသတင်းအချက်အလက်များ(၁၃/၁၄ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသည်။

လေ့လာတွေ့ရှိချက်။ ။ထန်းပင်စုကျေးရွာတွင် ခိုင်းနွား၊ နို့စားနွား၊ ဝက်၊နှင့် ကြက်များကို တစ်ပိုင်တစ်နိုင်မွေးမြူထားကြပြီး၊ အဓိကစီးပွားရေးအဖြစ် ဝက်များကိုသာ မွေးမြူ ကြပါသည်။ မွေးမြူရေးလုပ်ငန်းကို အဓိကထားပြီး လုပ်ကိုင်သောအိမ်ထောင်စုမှာ အနည်းငယ်သာ ရှိပါသည်။ ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းပညာနှင့် ရောဂါ

ကာကွယ်ရေးနည်းလမ်းများအား သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်လျှင် ကျေးရွာနေပြည်သူများအတွက် ပိုမိုအဆင်ပြေနိုင်မည်ဖြစ် ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား(၂၀) နှင့်(၂၁)ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန် မလိုအပ်ဟု ယူဆသောအချက်များရှိပါက'မဖြေဆိုပါ'ဟူသော အကွက်ကိုရွေးရန်။)**
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့် ☐ မဖြေဆိုပါ ■
ရေရရှိမှု	အလုံအလောက်ရနိုင် ■ အသင့်အတင့်ရနိုင် ☐ မဖြေဆိုပါ ☐
မျိုးတိရိစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင် ■ မဖြေဆိုပါ ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင် ☐ ချေးငွေအသင့်အတင့်ရနိုင် ■ မဖြေဆိုပါ ☐
သွင်းအားစု(မွေးမြူရေး၊ အစာ၊ဆေးစသည်ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည် ■ သွင်းအားစုများဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☐
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည် ☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည် ■ မဖြေဆိုပါ ☐
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ■ မဖြေဆိုပါ ☐
အိမ်ခြံဝန်းအတွင်း မြေနေရာလုံလောက်မှု	အလုံအလောက်ရှိသည် ☐ အသင့်အတင့်ရှိသည် ■ မဖြေဆိုပါ ☐

ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ■ မဖြေဆိုပါ ☐
ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု	လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ■ မဖြေဆိုပါ ☐

